ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

နေပြည်တော်

**ရတနာပြပွဲများတွင် ကျောက်စိမ်းအရိုင်းတွဲများ တင်ပြရောင်းချခဲ့သော**
**ဖက်စပ်ကျောက်စိမ်းတွဲပိုင်ရှင်များအတွက် အသိပေးကြေညာချက်**

၁၃၇၅-ခုနှစ်၊ တန်ခူးလဆုတ်(၁၁)ရက်

(၂၀၁၃-ခုနှစ်၊ မေလ ၆ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်စိမ်းဖက်စပ်လုပ်ငန်းမှ တူးဖော်ရရှိသော ကျောက်စိမ်းအရိုင်းများကို ရတနာပြပွဲများတွင် တင်ပြရောင်းချပေးခဲ့ပါသည်။

၂။ ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို ပြန်လည်အတွဲဖွဲ့ခြင်း၊ အခြေခံဈေး ပြင်ဆင်သတ်မှတ်ခြင်းများဆောင်ရွက်ပြီး ရတနာပြပွဲများတွင် တင်ပြရောင်းချနိုင်ရန်အတွက် သက်ဆိုင်ရာ ဖက်စပ်လုပ်ငန်းရှင်များက စီစဉ်ဆောင်ရွက်ကြရပါသည်။ ၁၉၉၉-ခုနှစ်၊ နှစ်လယ်ရတနာပြပွဲတွင် ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို အတွဲပြင်ဆင်ဖွဲ့စည်းခြင်း၊ အခြေခံဈေးပြင်ဆင်သတ်မှတ်ခြင်းများ ဆောင်ရွက်ပြီး ရတနာပြပွဲတွင် တင်ပြရောင်းချနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် သတင်းစာများတွင် ကြေညာခဲ့ရာ လုပ်ငန်းရှင်(၁၄)ဦးသည် ဆက်သွယ်ဆောင်ရွက်ရန် ကျန်ရှိနေပါသည်။

၃။ သို့ဖြစ်၍ ကျောက်စိမ်းအတွဲများ တင်ပြရောင်းချနိုင်ရန် ဆက်သွယ်ဆောင်ရွက်ရန် ကျန်ရှိနေသည့် ဖက်စပ်လုပ်ငန်းရှင်များသည် ကျောက်စိမ်းအရိုင်းများ အပ်နှံခဲ့သည့် မူလစာရွက်စာတမ်း အထောက်အထားများနှင့်အတူ (၃၀.၆.၂၀၁၃)ရက်နေ့ နောက်ဆုံးထားပြီး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော ကျောက်စိမ်းအရိုင်းများကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

၄။ ရတနာပြပွဲ တင်ပြနိုင်ရေး ဆောင်ရွက်ရန် ကျောက်စိမ်းတွဲများ ကျန်ရှိနေသည့် ဖက်စပ်လုပ်ငန်းရှင်များ၏ အမည်စာရင်းနှင့် မှော်လုပ်ကွက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| **စဉ်** | **လုပ်ငန်းရှင်အမည်** | **မှော်/လုပ်ကွက်** |
|---|---|---|
| ၁ | ဦးမောင်စိန် | အောင်စိန်(၁)လုပ်ကွက် |
| ၂ | ဦးကျော်အောင် | မော်မောင်းလျှံ(၆၀) |

| | | |
|---|---|---|
| ၃ | ဦးကျော်မင်း | မမုံ(၇) |
| ၄ | ဦးလှထွန်း | ခတ္တာ(၃) |
| ၅ | ဦးမင်းလွင်+ဦးဇော်ဇော်ဦး | နမ္မခြို(၅)+တောင်စိမ်းကလေး(၁) |
| ၆ | ဦးဇော်ဝင်း | မမုံ(၃) |
| ၇ | ဦးမောင်စိန် | ခိုမ(၃၆) |
| ၈ | ဦးသန်းစိန် | ဝေ့ခါ(၇) |
| ၉ | ဦးလှမြင့် | ဖားကန့်ကြီး(၂၀) |
| ၁၀ | ဦးဒေါန | ဖားပြင်(၁၄) |
| ၁၁ | ဦးစိုင်းထွန်းစိန် | ဝါဇီ(၁၈) |
| ၁၂ | ဦးလဖိုင်ဇော်နန် | ဆန်းကွယ်(၄၄) |
| ၁၃ | ဦးအယ်ဇော်ရိန် | ဝေ့ခါ(၃) |
| ၁၄ | ဦးအင်ခွန်တူး | ဖားပြင်(၂) |

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးခွဲ(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးစခန်းရုံး (မန္တလေး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးစခန်းရုံး(မြစ်ကြီးနား)သို့ လာရောက် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း တတိယအကြိမ် အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း